လျှောက်လွှာပုံစံနမူနာ

သို့

အထွေထွေမန်နေဂျာ

ဝန်ဆောင်မှုဌာန

မြန်မာစာတိုက်လုပ်ငန်း(ရုံးချုပ်)

နေပြည်တော်

ရက်စွဲ၊ ၂၀ ပြည့်နှစ်၊ လ၊ ရက်

အကြောင်းအရာ။ တန်ဖိုးပေးရွေးချောစာ/ ချောထုပ် (VPL/ VPP) စနစ်ဖြင့် ပစ္စည်းများ ပေးပို့ခွင့် လျှောက်ထားခြင်း

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်/ မ ဦး/ ဒေါ်………………….၊ အမှတ်( )၊ ……………….လမ်း၊…………………….ရပ်ကွက်၊……………မြို့နယ်၊ ……………….. တိုင်းဒေသကြီး/ ပြည်နယ်သည် မြန်မာ့စာတိုက်လုပ်ငန်းမှ တန်ဖိုးပေးရွေးချောစာ/ ချောထုပ်(VPL/ VPP)စနစ်ကို အသုံးပြု၍ ပစ္စည်းများပေးပို့ခွင့်ကို ကျွန်တော်/မ…………………….သည် ………………… လုပ်ငန်း အား ဆောင်ရွက်လျက်ရှိသူတစ်ဦးဖြစ်ပြီး လုပ်ငန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထား များအား ပူးတွဲတင်ပြအပ်ပါသည်။

ပူးတွဲပါ –

- မှတ်ပုံတင်မိတ္တူ
- သန်းခေါင်စာရင်းမိတ္တူ
- လုပ်ငန်းလိုင်စင်/ကုမ္ပဏီမှတ်ပုံတင်မိတ္တူ/ထုတ်ဝေခွင့်လိုင်စင်(VPL)/ FDA လက်မှတ် (စားသောက်ကုန်၊ ဆေးဝါး၊ အလှကုန်)/ မြန်မာနိုင်ငံတေးသီချင်း မူပိုင်ထုတ်လုပ်သူများ အသင်းဝင်ဖြစ်ကြောင်း အသင်းဥက္ကဌ၏ ထောက်ခံချက်/တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်
- တရားဝင်မှတ်ပုံတင်ခြင်းနှင့် နှစ်ဦးသဘောတူလုပ်ငန်းဆောင်ရွက်ခြင်း

လေးစားစွာဖြင့်

( )

အမည် –

မှတ်ပုံတင်အမှတ် –

လိပ်စာ –

ဖုန်းနံပါတ် –

အီးမေးလ် –

## တရားဝင်မှတ်ပုံတင်ခြင်းနှင့် နှစ်ဦးသဘောတူ လုပ်ငန်းဆောင်ရွက်ခြင်း

လုပ်ငန်းရှင်အမည် : …………………………………………………………………..
မှတ်ပုံတင်နံပါတ် : ………………………………………………………………….
ကုမ္ပဏီ/လုပ်ငန်းအမည် :……………………………………………………………….
ပေးပို့မည့်ပစ္စည်းအမျိုးအစား : ………………………………………………………………..
လုပ်ငန်းလိုင်စင်အမှတ် : ………………………………………………………………..
လုပ်ငန်းတည်နေရာလိပ်စာ :……………………………………………………………….
……………………………………………………………….
ဆက်သွယ်ရန်ဖုန်းနံပါတ် : ………………………………………………………………..
အီးမေးလ် :……………………………………………………………….

မြန်မာ့စာတိုက်လုပ်ငန်း၏ တန်ဖိုးပေးရွေးချောစာ/ ချောထုပ် (VPL/ VPP)အား အသုံးပြုသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို သဘောတူ လိုက်နာရပါမည်။

(၁) အသုံးပြုရန်လျှောက်ထားသူများသည် လုပ်ငန်းရှင်ကိုယ်တိုင် တင်ပြလျှောက်ထားရပါမည်။ ပိုင်ရှင်ကိုယ်တိုင် မဟုတ်ပါက Special Power / General Power ပေးအပ်ခံရသူသည် ကိုယ်စားလှယ်လွှဲစာ ပါရှိရပါမည်။

(၂) ငွေကြေးဆိုင်ရာကိစ္စရပ်များရှိပါ၍ ငွေကြေးထုတ်ယူမည့်သူအား လုပ်ငန်းရှင်ဖက်မှ အတည်ပြုတင်ပြပေးရပါမည်။ အကယ်၍ပြောင်းလဲချက် တစ်စုံတစ်ရာရှိပါက လုပ်ငန်းရှင်ထံမှ မြန်မာ့စာတိုက်လုပ်ငန်းသို့ တရားဝင်တင်ပြ၍ အချက်အလက်များ ပြောင်းလဲနိုင်ပါသည်။

(၃) မြန်မာ့စာတိုက်လုပ်ငန်း၏ တန်ဖိုးပေးရွေးချောစာ/ ချောထုပ်( VPL/ VPP ) လုပ်ငန်းအား အသုံးပြုသူများသည် မြန်မာ့စာတိုက်မှ ထုတ်ပြန်ကြေညာထားသော တားမြစ်ကုန်ပစ္စည်းများကို ပေးပို့ခြင်းမပြုရပါ–

- (က) တည်ဆဲဥပဒေများဖြင့် ဆန့်ကျင်သည့် ပစ္စည်းများ
- ( ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ပစ္စည်းများ
- ( ဂ) အမြင်မတော်သော အကျင့်စာရိတ္တကို ပျက်စီးစေနိုင်သော ပစ္စည်းများ
- (ဃ) ပေါက်ကွဲစေတတ်သော၊ မီးလောင်လွယ်သော၊ ရေဒီယိုသတ္တိကြွသော ပစ္စည်းများနှင့် အခြားအန္တရာယ်ရှိနိုင်သော ပစ္စည်းများ
- ( င) သက်ရှိသတ္တဝါများ
- ( စ) ငွေအကြွေများ၊ ငွေစက္ကူများနှင့် အခြားတန်ဖိုးကြီးသော ပစ္စည်းများ
- (ဆ) ရွှေ၊ ငွေနှင့် ကျောက်မျက်ရတနာများ
- ( ဇ) နိုင်ငံတော်က ထုတ်ပြန်ထားသည့် ထီလက်မှတ်များမှအပ အခြားထီလက်မှတ်များ
- ( ဈ) လုံခြုံစွာ ထုပ်ပိုးချည်နှောင်ထားခြင်းမရှိသော ချွန်ထက်သည့်ပစ္စည်းများ
- (ည) မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများ

အထက်ဖော်ပြပါ ကုန်ပစ္စည်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ပေးပို့ခဲ့ကြောင်း စိစစ်တွေ့ရှိပါက ပေးပို့သည့် လုပ်ငန်းရှင်မှ တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး တင်ပို့ခအား ပြန်လည်ထုတ်ယူခွင့်ပြုမည် မဟုတ်ပါ။

(၄) စာတိုက်သို့ ရောက်ရှိလာသော ချောစာထုပ်များ၏ အလေးချိန်ကိုသာ အတည်ပြု၍ လက်ခံမည်ဖြစ်ပြီး ကွဲလွဲမှုရှိသော အလေးချိန်များကို မြန်မာ့စာတိုက် (ကောင်တာမှ တာဝန်ရှိသူ)မှ ပြင်ဆင်လက်ခံပါမည်။

(၅) ချောစာထုပ်များ၏ ပို့ဆောင်ခြင်းလုပ်ငန်းစဉ်သည် သက်ဆိုင်ရာစာတိုက်များ၏ စာသိမ်းချိန်နှင့် တိုက်ဆိုင်တွက်ချက်ပြီးသော လုပ်ငန်း Process ကြာမြင့်ချိန်အဖြစ် သတ်မှတ်နိုင်ပါမည်။ (စာသိမ်းချိန်လွန်မှ ရောက်ရှိသောချောစာထုပ်များအတွက် ကြာမြင့်ချိန် (၁)ရက် ပိုတွက်ချက် ရပါမည်။)

(၆) ချောစာ/ ထုပ်များပေးပို့ရာတွင် လိပ်စာမပြည့်စုံခြင်း၊ လိပ်စာရှင်မှ ငြင်းပယ်ခြင်း၊ လိပ်စာမှားယွင်းခြင်း၊ ဆက်သွယ်၍မရခြင်း အစရှိသည့် အကြောင်းအမျိုးမျိုးကြောင့် ပို့ဆောင်၍ မရပါက ၎င်းချောစာပေးပို့ခြင်းအတွက် ကျသင့်ငွေကို မြန်မာ့စာတိုက်မှ ပြန်လည်ပေးအပ်မည် မဟုတ်ကြောင်း လက်ခံသဘောတူရပါမည်။

(၇) ချောထုပ်များ ပြန်လည်ပေးပို့ခြင်း (Return Service)အတွက် အောက်ဖော်ပြပါ အချက်များအား သတ်မှတ်ပါမည်-

(က) လိပ်စာရှင်ငြင်းပယ်၊ လိပ်စာမှားယွင်း၊ လိပ်စာရှင်ပြောင်းရွှေ့၊ လိပ်စာပြည့်စုံမှုမရှိခြင်း

(ခ) လိပ်စာရှင်အိမ်၌မရှိ၊ ချောစာ/ ထုပ်ရောက်ရှိကြောင်း အကြောင်းကြားစာရရှိပြီး စာတိုက်သို့ လာရောက်ထုတ်ယူမှုမရှိခြင်း

(ဂ) ပေးပို့သူမှ ပြန်ပို့ရန်တောင်းဆိုခြင်း၊ တားမြစ်ပစ္စည်းဖြစ်သဖြင့် လေဆိပ်မှ ငြင်းပယ်ခြင်း

(ဃ) စာဝေနယ် ပြင်ပရှိ လိပ်စာရှင်နှင့် ဆက်သွယ်၍ မရခြင်း

(င) စာပို့လုလင်မှ လိပ်စာရှာမတွေ့ခြင်း( ခိုင်လုံသည့် အကြောင်းပြချက်)

(စ) စာတိုက်မှစောင့်ဆိုင်းရန် သတ်မှတ်ပေးသောကာလအစိုးရအလုပ်လုပ်ရက်(၅)ရက်ပြည့်မှ ပြန်လည်ပို့ဆောင်ခြင်း

(၈) အထက်ပါအချက်များတွင်-

(က) (၇/က)မှ (၇/ဃ) အထိအချက်များအတွက် မြန်မာ့စာတိုက်လုပ်ငန်းမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

( ခ) (၇/င)မှ (၇/စ)အထိ အချက်များအတွက် ကာယကံရှင် (ပေးပို့သူနှင့် လက်ခံမည့် လိပ်စာရှင်)များအား ဆက်သွယ်စစ်ဆေးပြီး ၎င်းချောစာ/ ထုပ်အတွက် နစ်နာမှုမရှိစေရန် အခမဲ့ပြန်လည်ပေးပို့ခွင့် ပြုပါမည်။

( ဂ) (၈/ခ)အတွက် အကျိုးခံစားခွင့်သည် ၎င်းအဆင်မပြေသည့် ချောလိပ်စာကိုသာ ပြန်လည်ပေးပို့ခြင်းခွင့် ပြုမည်ဖြစ်ပြီး ထိုလိပ်စာပါ အကြောင်းအရာများအား ပြန်လည်ပြင်ဆင်ခြင်း၊ ထပ်ညွှန်းပေးပို့ခြင်း မရှိစေရပါ။

(ဃ) ဝန်ဆောင်မှုနှုန်းထားများအနေဖြင့် (၇/က)မှ (၇/ဃ)ထိ အချက်များကြောင့် ပေးပို့သူထံ ပြန်လည်ပေးပို့ရမည်ဆိုပါက ကနဦးပို့ဆောင်ခ ကျသင့်ငွေ၏ ၅၀%ကျပ်ကို ပေးပို့သူမှ ထပ်မံပေးဆောင်ရပါမည်။

( င) (၇/င)မှ (၇/စ)အထိ အချက်အလက်များအတွက် ကာယကံရှင်မှ မည်သည့် အပိုကြေးမှ ပေးရန်မလိုပါ။

(၉) Value Added Services များဖြစ်သော Ph Call Service, SMS Service, Hold Mail (ရက်တိုးစောင့်ဆိုင်းခြင်း) Service ဝန်ဆောင်မှုများ ရယူလိုပါက ထပ်ဆောင်းဝန်ဆောင်ခ ပေးဆောင်ရပါမည်။

(၁၀) မြန်မာ့စာတိုက်လုပ်ငန်းသည် လိပ်စာရှင်များထံ ပစ္စည်းပေးပို့ခြင်း၊ ငွေကောက်ခံပေးခြင်းမှအပ အခြားသော ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း လက်ခံသဘောတူရပါမည်။

(၁၁) လုပ်ငန်းရှင်များသည် မိမိတို့အသုံးပြုခွင့်ရှိသော တန်ဖိုးပေးရွေးချောစာ/ ချောထုပ် (VPL/ VPP) လုပ်ငန်းများကို တာဝန်ရှိသူများမှ ဤလုပ်ငန်းနှင့်မသက်ဆိုင်သူများအား လွှဲပြောင်းခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် မှျဝေခြင်းမပြုရန် လက်ခံသဘောတူရပါမည်။ (လိုက်နာခြင်းမရှိပါက အသုံးပြုခွင့်ကို ရာသက်ပန်ရပ်ဆိုင်းသည်အထိ အရေးယူဆောင်ရွက်ခြင်း ခံရနိုင်ပါသည်။)

(၁၂) တန်ဖိုးပေးရွေးချောပစ္စည်းလုပ်ငန်းကို အသုံးချလိုသူသည် လုပ်ငန်းအသုံးချခွင့်ပြုရန် လျှောက်ထားမှတ်ပုံတင်ရပါမည်။

(၁၃) ကနဦးမှတ်ပုံတင်ခမှာ တစ်နှစ်လျှင် (၁၀,၀၀၀)ကျပ်ဖြစ်ပြီး နှစ်စဉ်ကြေးမှာ (၁၂,၀၀၀)ကျပ် ဖြစ်ပါသည်။ နှစ်စဉ်ကြေးကို နှစ်စဉ်ကြေးစတင်ပေးသွင်းသည့် နေ့ရက်မှစတင်၍ တစ်နှစ်ပြည့် မြောက်ပြီးသည့်နေ့ရက်တွင် ပေးသွင်းရမည်ဖြစ်ပါသည်။ အချိန်မီ မပေးသွင်းနိုင်ပါက ရက်လွန် ကြေး တစ်လလျှင် (၁,၀၀၀)ကျပ်တိတိကို ပေးဆောင်ရပါမည်။

(၁၄) မှတ်ပုံတင်စာ၊ ချောထုပ်၊ မှတ်ပုံတင်စာအုပ်ထုပ်နှင့် သတင်းစာများကို တန်ဖိုးပေးရွေးချော ပစ္စည်းအဖြစ်ပေးပို့နိုင်ပြီး ပစ္စည်းတစ်ခုအတွက် ကန့်သတ်ထားရှိသော အများဆုံး တင်ပို့ခွင့်ပြု တန်ဖိုးငွေမှာ -

(က) ရိုးရိုး တန်ဖိုးပေးရွေးချောစာ/ ချောထုပ် (VPL/ VPP)ဖြင့် (၅၀,၀၀၀)ကျပ်

( ခ) e-Postal System ၏ ရိုးရိုး တန်ဖိုးပေးရွေးချောစာ/ ချောထုပ် (VPL/ VPP)ဖြင့် (၂၀၀,၀၀၀)ကျပ်

( ဂ) e-Postal System ၏ အမြန်ချော တန်ဖိုးပေးရွေးချောစာ/ ချောထုပ် (VPL/ VPP) ဖြင့် (၂၀၀,၀၀၀)ကျပ် အထိသာဖြစ်ပါသည်။

(၁၅) မြန်မာ့စာတိုက်လုပ်ငန်း၏ e-Postal System ကိုအသုံးပြု၍ တန်ဖိုးပေးရွေးချောစာ/ ချောထုပ် (VPL/ VPP) လုပ်ငန်းကို ဆောင်ရွက်ပါမည်။

(၁၆) မြန်မာ့စာတိုက်လုပ်ငန်းမှ အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များကို လိုက်နာရန် သဘောတူရပါမည်။

အထက်ဖော်ပြပါ စည်းကမ်းများကို လိုက်နာရန်သဘောတူကြောင်း လုပ်ငန်းရှင်ဘက်မှ ဝန်ခံကတိ ပြုပါသည်။

လုပ်ငန်းရှင်

ဝန်ဆောင်မှုပေးသူ

| | | | | |
|---|---|---|---|---|
| အမည် | - | | အမည် | - |
| မှတ်ပုံတင်အမှတ် | - | | မှတ်ပုံတင်အမှတ် | - |

(ပြည်နယ်/ တိုင်းမန်နေဂျာများမှ လက်မှတ်ရေးထိုးပေးရန်)